Public education
**Discover a world of opportunities**

အကြို-မူလတန်း

# နံပါတ်များ-
# အိမ်တွင် လေ့လာသင်ယူခြင်း

## နံပါတ်နှင့်ကစားနည်း အကြံဉာဏ်များ

**ဟော့ဖ်စကော့ချ် [Hopscotch]**

နံပါတ်များကို သင်ယူရန်နှင့် လေ့ကျင့်ရန် အတွက် ကောင်းသည်။

**ပူဖေါင်းဘော်လုံး ပုတ်ခြင်း**

ပူဖေါင်းဘောလုံးကို ကြမ်းပြင် မထိစေပဲ တစ်ခုနှင့်တစ်ခုကို သင် မည်မျှအကြိမ် ပုတ်နိုင်ကြောင်း ရေတွက်ပါ။ ပူဖေါင်းဘောလုံး ကြမ်းပြင်နှင့်ထိသည့်အခါ အစပြန်လုပ်ပါ။

**ဒိုမီနို [Dominoes]**

အစက်အပြောက်များကို ရေတွက်ပြီး ဆင်တူရွေးပါ။

> **နံပါတ်သံစုံတေးများ၊ ကြွေးကြော်သံများနှင့် တေးသီချင်းများကို သီဆိုပါ။**

**ကပ်ထူဘုတ်နှင့် အန်စာတုံး ကစားပွဲများ**

အစက်အပြောက် တစ်ခုချင်းကို မရေတွက်ပဲ မည်မျှရှိသည်ကို မှတ်မိအောင် သင့်ကလေးကို ကူညီပါ။ ဥပမာ- *အဲဒါ လေး ဖြစ်ကြောင်း ကျွန်ုပ်သိသည် အဘယ်ကြောင့် ဆိုသော် နှစ်ခု နှင့် နှစ်ခု ကျွန်ုပ် မြင်နိုင်သောကြောင့် ဖြစ်သည်။* ကစားပွဲ၌ အကွက်များကို သင် ရွှေ့နေစဉ် အကွက်များကို ကျယ်ကျယ်ပြောပြီး ရေတွက်ပါ။

**လျှပ်စစ်ဖြင့် ကစားနည်းများ**

စွန့်စားလုပ်သည့်ကစားပွဲများ၊ တက်ပလက်အက်ပ်များ၊ ဝက်ဘ်ကိုအခြေခံသည့် ပြိုင်ပွဲများနှင့် အားကစား ကစားပွဲ များကိုထည့်သွင်းကစားပါ။ သင့်ကလေးနှင့်အတူ ကွန်ပျူတာ စွန့်စားကစားပွဲများကို ကစားပြီး အောက်ပါကဲ့သို့ မေးခွန်းများကို မေးပါ- *နောက်ထပ် အဆင့်တစ်ဆင့်ကိုရရန် ကြယ်မည်မျှ သင် လိုအပ်ပါသနည်း။*

**ဖဲချပ် ကစားနည်းများ**

ဖဲချပ်ကစားနည်းများသည် နံပါတ်ဂဏန်းများကို လေ့လာရန်၊ ဆင်တူနံပါတ်များကို ရွေးရန်နှင့် အလှည့်ကျ အလှည့်ကို လေ့လာရန် အတွက် အလွန့်အလွန် ကောင်းသည်။

**ကားနံပါတ်ပြားများကို ရှာဖွေခြင်း**

နံပါတ် 1 ဂဏန်းပါသည့် ကားနံပါတ်ပြားများကို ရှာပါ။ ယင်းနောက် နံပါတ် 2 ဂဏန်းပါတာကို ရှာပါ၊ ယင်းနောက် 3 နှင့် အစဉ်အတိုင်း ပါတာကိုရှာပါ။

**ဉာဏ်စမ်းအရုပ်ဆက်ကစားနည်း [Jigsaw]**

သင့်ကလေးကို အံဝင်ကွင်ကျဖြစ်မည့် မှန်ကန်သော ပုံသဏ္ဍာန်ကို ရွေးခြင်းအားဖြင့် ဉာဏ်စမ်းအရုပ်ဆက်ကို ပြီးအောင်လုပ်ခိုင်းပါ။

**လျှို့ဝှက်ဆန်းကြယ်သော နံပါတ်**

နံပါတ် တစ်ခုကို စဉ်းစားပါ။ သင် သဲလွန်စ ကိုပေးချိန်၌ သင့်ကလေးအား ဘာဖြစ်သည်ကို စဉ်းစားခိုင်းပါ။ ယခုလို ပြောပါ- *ကျွန်ုပ်၏ နံပါတ်က 10 ထက် ကြီးပြီး 19 ထက်နည်း သည်။ ၄င်းသည် စုံဂဏန်း တစ်ခု ဖြစ်သည်။ တစ်ခါတစ်ရံ ၄င်းကို ဒါဇင်လို့ ခေါ်သည်။*

> **ငှက် အမဲလိုက်ကစားနည်း**
> **အိမ်နှင့်ပန်းခြံ တစ်ဝိုက် ရှာရန် သင့်ကလေးအတွက် အရာများစာရင်းတစ်ခုကို ရေးပေးပါ။ ဥပမာ- *ယူကလစ်သီး သုံးခု၊ အညိုရောင်သစ်ရွက် လေးခု၊ အနီရောင်သစ်ရွက် တစ်ခု၊ အဝတ်ညှပ်ကလစ် ငါးခု၊ အနီရောင် အတုံး နှစ်တုံးနှင့် ခရုခွံ တစ်ခု။***



Department of
**Education**

သင် ပိုမို၍ တွေ့လိမ့်မည်
အိမ်တွင် လေ့လာသင်ယူရန် အချက်အလက်စာချပ်လွှာ
**education.wa.edu.au.**

© Department of Education, Western Australia, 2015
CC BY